ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၁၂/၂၀၁၇)

| | |
|---|---|
| ဒေါ်လင်ပေါ်ခင် (ခ) သန်းသန်းအေး(ခ)<br>သော်တာခင်(အလုပ်ရှင်)၊ဒေါ်စန္ဒာလတ်လတ်(မန်နေဂျာ၊<br>အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>Eva Company Limited၊ အမှတ်-22/23၊<br>ဒီပဲယင်းဝန်ထောက်ဦးမြဲလမ်း၊စက်မှုဇုန်(၃)၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |
| နှင့် | |
| ဦးသီဟစိုး (အလုပ်သမား)<br>အမှတ်-၂၄၆၊ မဥ္ဇူလမ်း၊ ၁၁ ရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ် လ ၈ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၃)၊ဒီပဲယင်းဝန်ထောက်ဦးမြဲလမ်း၊ အမှတ်-၂၂/၂၃ ရှိ Eva Company Limited အလုပ်ရှင် ဒေါ်လင်ပေါ်ခင် (ခ) သန်းသန်းအေး (ခ) သော်တာခင်၊ ဒေါ်စန္ဒာလတ်လတ် (မန်နေဂျာ၊ အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် အလုပ်သမား ဦးသီဟစိုးတို့ကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၉/၂၀၁၇)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ အလုပ်သမား ဦးသီဟစိုးမှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ အလုပ်ရှင်ဘက်က အောက်ပါကောက်ချက်(၁)ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးသီဟစိုးအား အလုပ်ခွင်သို့ပြန်လည်ဝင်ရောက်ခွင့်ပြုသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင်မှ ဦးသီဟစိုးအား မူလလစာ၊ မူလရာထူး၊ မူလနေရာတွင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ၇ ရက်အတွင်း အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ထုတ်သည့် ၁၇-၁-၂၀၁၇ ရက်နေ့မှစ၍ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ကာလအတွက် ကြားကာလနစ်နာကြေးအား ရက်ပြည့်လုပ်သည့်နောက်ဆုံးထုတ်လစာ (OT မပါ )နှုန်းဖြင့် တွက်ချက်၍ထုတ်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၉/၂၀၁၇) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၁၂/၂၀၁၇) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးဒွေးတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက်မှတ်တမ်းများ၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ စိစစ်လေ့လာသုံးသပ်ခဲ့သည်။ ထို့ပြင် အငြင်းပွားမှုတွင်ပါဝင်သည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား ခုံသမာဓိကောင်စီ ခုံအဖွဲ့ ရှေ့မှောက်သို့ (၈-၃-၂၀၁၇)ရက်နေ့တွင် ဆင့်ဆိုစစ်ဆေးမေးမြန်းမှုများမှရရှိသည့် ထွက်ဆိုတင်ပြချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်အမှတ်(၁)ကို ရေးဆွဲချမှတ်ခဲ့သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးသီဟစိုးအား မူလအလုပ်၊ မူလရာထူး၊ မူလလစာတွင် ပြန်လည်ခန့်ထားရန် သင့်/မသင့်။

လေ့လာတွေ့ရှိချက်

၇။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးထွက်ဆိုချက်တွင် အလုပ်သမား ဦးသီဟစိုးသည် အလုပ်တွင်ပြန်လည်မခန့်ထားပါက နစ်နာကြေး(၃)လစာ ရယူလိုကြောင်း ထွက်ဆိုခဲ့သည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အစမ်းခန့်ကာလသည် အလုပ်ရှင်၏ အလုပ်သမား အပေါ် လုပ်ငန်းခွင်ဆက်ဆံရေးနှင့် စွမ်းဆောင်ရည်များကို ကြိုက်နှစ်သက်မှုရှိပါက ၎င်း၏ဆန္ဒ အရ ဆက်လက်ခန့်ထားနိုင်သည့် အခွင့်အရေးရှိပါသည်။ အလုပ်သမား ဦးသီဟစိုး၏ အစမ်းခန့် လုပ်သက်ကာလသည် ၂၈-၂-၂၀၁၇ ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်ရာ ၁၇-၁-၂၀၁၇ ရက်နေ့တွင် အလုပ်မှရပ်စဲခြင်းခံရသော ဦးသီဟစိုး၏လုပ်သက်ကာလသည် အလုပ်ရှင်၏ဆန္ဒအရ ခန့်ထားမှု ပြုခဲ့လျှင် လုပ်သက်ကာလသည် (၁)လနှင့် ၁၄ ရက်ခန့်သာရှိမည်ဖြစ်ကြောင်း ဆန်းစစ်တွေ့ရှိရပါ သည်။ အလုပ်ရပ်စဲမှုခံစားခွင့်နှုန်းထားများအရ အလုပ်သမားဦးသီဟစိုး၏ တောင်းဆိုချက်သည် ဥပဒေနှင့်ညီညွတ်မှုမရှိ၍ နစ်နာကြေး(၃)လစာကို ခံစားခွင့်မရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

သုံးသပ်ချက်အမှတ်(၁)

၈။ အလုပ်ရှင်သည် မိမိခန့်ထားခဲ့သော အလုပ်သမား၏ စွမ်းဆောင်ရည်နှင့် လုပ်ငန်းခွင် ဆက်ဆံရေးများအပေါ် အခြေပြု၍ အစမ်းခန့်ကာလကုန်ဆုံးပါက ၎င်း၏ဆန္ဒသဘောအတိုင်း ဆက်လက်ခန့်ထားနိုင်သော အခွင့်အရေးရှိ၍ ၎င်း၏ဆန္ဒအတိုင်း အစမ်းခန့်ကာလအတိုင်းအတာ အထိ အလုပ်သမား ဦးသီဟစိုးအားခန့်ထားသည့်ကဲ့သို့ ခံစားခွင့်ပြုသင့်ကြောင်း သုံးသပ်ပါသည်။ ၎င်းပြင် ၁၇-၁-၂၀၁၇ ရက်စွဲပါစာအမှတ် EVA/HR /033/2017 အရ အလုပ်သမား ဦးသီဟစိုး တို့ ထုတ်ပေးရန်ပြင်ဆင်ထားသည့် လုပ်ခကျန်ငွေနှင့် အချိန်ပိုကြေး စုစုပေါင်း ၅၉၅၀၀/-ကျပ်ကို အလုပ်သမား ဦးသီဟစိုးမှ ထုတ်ယူခြင်းမရှိသေးကြောင်း အလုပ်ရှင်၊ အလုပ်သမားတို့ကို စစ်ဆေးထွက်ဆိုချက်အရသိရှိရ၍ အလုပ်ရှင်သည် အလုပ်သမားအားဆက်သွယ်၍ အမြန်ဆုံး ထုတ်ပေးရန် သုံးသပ်ပါသည်။

၉။ အလုပ်ရှင်ကိုယ်စား ဒေါ်စန္ဒာလတ်လတ် (မန်နေဂျာ)သည် အစမ်းခန့်ကာလအတွင်း အလုပ်သမား ဦးသီဟစိုး၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ကြီးကြပ်သူ မန်နေဂျာအပေါ် ဆက်ဆံရေး ကောင်းမွန်မှုမရှိ၍ အစမ်းခန့်ကာလပြည့်ပြီးနောက် ဆက်လက်ခန့်ထားလိုမှုမရှိကြောင်း ခုံသမာဓိ ကောင်စီ၊ ခုံအဖွဲ့၏ဆုံးဖြတ်ချက်များအတိုင်း လိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့သည်။ အလုပ်ရှင်အနေဖြင့် အစမ်းခန့်ဝန်ထမ်းကို ဆက်လက်ခန့်ခြင်း၊ မခန့်ခြင်းကို မိမိသဘောအရ ဆောင်ရွက်ခွင့်ရှိသည်။ တစ်ဖက်တွင်လည်း အလုပ်သမား၏ဘဝနှင့် ခံစားခွင့်များမနစ်နာစေရေး ကိုထောက်ရှုပြီး၊ ဥပဒေပါခံစားခွင့်များအတိုင်း ရရှိခံစားနိုင်ရန် အဘက်ဘက်မှ သုံးသပ်၍ အောက်ပါဆုံးဖြတ်ချက်ကို ချမှတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင်သည် ၁၇-၁-၂၀၁၇ ရက်နေ့တွင် အလုပ်ရပ်စဲခဲ့သည့် အလုပ်သမား ဦးသီဟစိုးအား ခံစားခွင့်ရှိသော လုပ်ခကျန်ငွေနှင့် အချိန်ပိုကြေး၊ စုစုပေါင်းငွေကျပ် ၅၉၅၀၀ိ/-နှင့် အစမ်းခန့်ကာလ အတွင်း အလုပ်ရပ်စဲခဲ့သည့်အတွက် နို့တစ်ကြေး (၁)လစာငွေကျပ် ၁၀၈၀၀၀ိ/-တို့ နှစ်ရပ်ပေါင်းငွေကျပ် ၁၆၇၅၀၀ိ/-ကို ဥပဒေနှင့်အညီ ခံစားခွင့်ပြုလိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေး ရမည်။

(signed) ဦးသန်းမောင် အဖွဲ့ဝင်

(signed) ဦးသောင်းစိန် ဥက္ကဋ္ဌ

(signed) ဦးရွှေ အဖွဲ့ဝင်